# သတိပြုရှောင်ရှားရမည့် စပ်ဆေးအန္တရာယ်

(၁၆ - ၁ - ၂၀၁၉)

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တွေ့ရှိချက်များအရ -**

ဆရာဝန်ညွှန်ကြားချက်မရှိဘဲ ဈေးကွက်အတွင်းရောင်းချသော စပ်ဆေးများတွင် -

- သက်တမ်းကုန်ဆုံးနေသော ဆေးဝါးများ၊ မှတ်ပုံတင်မထားသော ဆေးဝါးများ၊ ရောဂါအတွက် သုံးစွဲရန်မသင့်သော ဆေးဝါးများ ပါဝင်နေပါသည်။
- အကိုက်အခဲပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေး၊ စတီးရွိုက် (Steroid) ဆေးနှင့် ပဋိဇီဝဆေးများကို မလိုအပ်ဘဲ (၂)မျိုး၊ (၃)မျိုးအား စိတ်ထင်ရာ ပမာဏအမျိုးမျိုး ရောချင်သလို ရောစပ်ပြီး အမှုန့်ကြိတ်ခြင်းအပါအဝင် ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်ကာ စပ်ဆေးအဖြစ် ရောင်းချလျက် ရှိပါသည်။

| |
|---|
| စပ်ဆေးများသောက်သုံးခြင်းသည် - ရောဂါလက္ခဏာကို ခေတ္တသာလျှင်သက်သာစေနိုင်ပြီး ရောဂါအမြစ်ပြတ်စေရန် ကုသမှုခံယူခြင်းမဟုတ်သည့်အတွက် ရောဂါအခြေအနေ ပိုမိုဆိုးရွားနိုင်ရာမှ အသက်အန္တရာယ်ရှိသည်အထိ ဖြစ်နိုင်ပါသည်။ |

**စပ်ဆေးများ၏ ကြောက်စရာနောက်ဆက်တွဲဆိုးကျိုးများမှာ -**

- အကိုက်အခဲပျောက်ဆေးများ၊ စတီးရွိုက်(Steroid) ဆေးများကြောင့် အစာအိမ် အနာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ အစာအိမ်ပေါက်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါဖြစ်ခြင်း၊ အရိုးပွရောဂါဖြစ်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ လေဖြတ်ခြင်း စသည့် အန္တရာယ်များအပြင် ရောဂါပိုမိုဆိုးဝါးလာရာမှ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။
- ပဋိဇီဝဆေးများကို ဆရာဝန်ညွှန်ကြားချက်မရှိဘဲ စည်းကမ်းမဲ့အသုံးပြုခြင်းကြောင့် ဆေးယဉ်ပါးခြင်း(ဆေးမတိုးခြင်း)များဖြစ်စေသဖြင့် အလွန်ကြီးမားသော ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာနိုင်ပါသည်။

| |
|---|
| **စပ်ဆေးနှင့်ပတ်သက်၍ လိုက်နာရန်အချက်များမှာ -** |
| ➢ ရောဂါကို ပိုမိုဆိုးဝါးလာစေခြင်းနှင့် ဆေး၏ကြောက်စရာ နောက်ဆက်တွဲ ဆိုးကျိုးများခံစားရခြင်းတို့အပြင် အသက်ကိုပါ သေစေနိုင်သောကြောင့် ဈေးနှုန်းချိုသာသော်လည်း အလွန်အန္တရာယ်ရှိသည့် စပ်ဆေးများ ဝယ်ယူသုံးစွဲခြင်းကို **လုံးဝရှောင်ကြဉ်သင့်ပါသည်။** |
| ➢ ဆေးဆိုင်ပိုင်ရှင်များသည်လည်း ဝယ်ယူသုံးစွဲသူများအတွက် ဆိုးကျိုးများသာ ဖြစ်စေနိုင်သည့် စပ်ဆေးရောင်းချခြင်းကို **လူ့ကျင့်ဝတ်အရ ချက်ချင်းရပ်ဆိုင်းသင့်ပါသည်။** |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**